ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ်၊ - - - - - - -
ရက်စွဲ၊ - - - - - - -
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုလွှတ်တော်

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာ အမှတ်စဉ်(၃/၂၀၂၆)

နိဒါန်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်နှင့်အတူ ၁၅-၁၀-၂၀၂၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပြီး၊ ၁၆-၁၀-၂၀၂၆ ရက်တွင်ပြုလုပ်သော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့တွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

၂။ အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာကို ၁၅-၁၁-၂၀၂၆ ရက်မတိုင်မီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး ၁၆-၁၀-၂၀၂၆ ရက်တွင် ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ ပေးပို့လာပါသည်။

၃။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည် ၂၈-၁၀-၂၀၂၆ ရက်တွင် ရငွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၁၈)ဖွဲ့နှင့်လည်းကောင်း၊ ၃-၁၁-၂၀၂၆ ရက်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ကြပြီး ငွေကြေးဆိုင်ရာသုံးသပ်ချက်အစီရင်ခံစာအမှတ်စဉ်(၃/၂၀၂၆)ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၈(က)၊ (ခ)၊ (ဂ)၊ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော် နာယကမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအပ်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း

၄။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ပြည်ထောင်စု၏အရအသုံးခန့်မှန်းခြေငွေစာရင်း(မူလခန့်မှန်းခြေ)မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

စဉ်	အကြောင်းအရာ	ပြည်ထောင်စု	တိုင်းဒေသကြီး/ ပြည်နယ်	စုစုပေါင်း
(က)	**ရငွေ**	၄၀,၈၄၃.၄၄၂	၃,၅၀၈.၃၄၅	၄၄,၃၅၁.၇၈၇
(ခ)	**သုံးငွေ**	၄၉,၈၂၈.၆၂၃	၃,၅၀၈.၃၄၅	၅၃,၃၃၆.၉၆၈
(ဂ)	**ပိုငွေ(+)/လိုငွေ(-)**	(-)၈,၉၈၅.၁၈၁	-	(-)၈,၉၈၅.၁၈၁
(ဃ)	**ဂျီဒီပီတန်ဖိုး**	၁၉၅,၀၃၁,၆၄၁	-	၁၉၅,၀၃၁,၆၄၁
(င)	**လိုငွေနှင့်ဂျီဒီပီအချိုး**	၄.၆၁ %	-	၄.၆၁ %

နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးခွင့်ပြုရန်တောင်းခံငွေ

၅။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖြည့်စွက်တောင်းခံငွေတင်ပြချက်ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းနှင့်နှိုင်းယှဉ်၍ အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(ကျပ်ဘီလီယံ)

စဉ်	အကြောင်းအရာ	မူလခန့်မှန်းခြေ	ဖြည့်စွက်တောင်းခံငွေ	ရာခိုင်နှုန်း
(က)	သာမန်သုံးငွေ	၃၆,၁၈၂.၉၃၄	၅,၃၂၄.၈၃၆	၁၄.၇၂ %
(ခ)	ငွေလုံးငွေရင်းသုံးငွေ	၁၀,၈၉၈.၇၅၉	၂,၁၁၉.၇၃၇	၁၉.၄၅ %
(ဂ)	ကြွေးမြီ	၂,၇၄၆.၉၃၀	၂၄.၁၂၉	၀.၈၈ %
	ပြည်ထောင်စု စုစုပေါင်း	**၄၉,၈၂၈.၆၂၃**	**၇,၄၆၈.၇၀၂**	**၁၄.၉၉ %**
(ဃ)	တိုင်းဒေသကြီး/ပြည်နယ်သို့ ထောက်ပံ့ငွေ	၂,၀၂၆.၉၁၆	၅.၄၉၅	၀.၂၇ %

၆။ **အဖွဲ့အစည်းအလိုက်တောင်းခံငွေများ။** ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအလိုက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်း၏ ခွင့်ပြုချက်ပါသုံးငွေနှင့် ဖြည့်စွက်တောင်းခံငွေများမှာ အောက်ပါအတိုင်းဖြစ်ပြီး ဖြည့်စွက်တောင်းခံငွေအသေးစိတ်ကို **နောက်ဆက်တွဲ(က)**ဖြင့် တင်ပြအပ်ပါသည်-

(ကျပ်ဘီလီယံ)

စဉ်	အဖွဲ့အစည်းအမည်	မူလခွင့်ပြုသုံးငွေ	ဖြည့်စွက်တောင်းခံငွေ	ရာခိုင်နှုန်း
(က)	ဗဟိုအဖွဲ့အစည်းများ	၅၉၉.၂၃၈	၂၀.၇၇၃	၃.၄၇ %
(ခ)	ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ	၂၇,၈၉၇.၁၆၃	၄,၉၈၅.၆၀၀	၁၇.၈၇ %
(ဂ)	ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ (လူမှုဖူလုံရေးအဖွဲ့)	၇၉.၅၄၇	၃၈.၅၉၅	၄၈.၅၂ %
(ဃ)	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေအတွင်း)	၁၃,၇၁၈.၃၉၁	၁,၈၅၉.၃၁၃	၁၃.၅၅ %
(င)	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ (ဘဏ္ဍာရန်ပုံငွေပြင်ပ)	၅,၃၇၄.၉၆၁	၂၆၄.၇၁၃	၄.၉၂ %
(စ)	တပ်မြို့စည်ပင်	၂.၀၀၇	၀.၀၁၀	၀.၅၀ %
(ဆ)	နေပြည်တော်ကောင်စီ	၅၅၉.၄၁၅	၄၀.၁၆၅	၇.၁၈ %
(ဇ)	နေပြည်တော်စည်ပင်သာယာရေးကော်မတီ	၂၂၃.၈၁၂	၂၀၈.၉၆၉	၉၃.၃၇%
(ဈ)	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၁,၃၇၄.၀၈၉	၅၀.၅၆၄	၃.၆၈ %
	စုစုပေါင်း	**၄၉,၈၂၈.၆၂၃**	**၇,၄၆၈.၇၀၂**	**၁၄.၉၉** %
(ည)	တိုင်းဒေသကြီး/ပြည်နယ်	၂,၀၂၆.၉၁၆	၅.၄၉၅	၀.၂၇ %

၇။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် မူလခွင့်ပြုချက်ပါသုံးငွေ၏ **၁၀ ရာခိုင်နှုန်းနှင့်အထက်**ကျော်လွန်၍ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံလာသည့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)**ဝန်ကြီးဌာနများ**

(၁) **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**။ မူလခွင့်ပြုချက်ပါ အသုံးစရိတ်ကျပ် ၂၀၃.၈၇၃ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၀၀.၀၉၇ဘီလီယံ၊ (၄၉.၁၀ %)၊

(၂) **ကာကွယ်ရေးဝန်ကြီးဌာန။** မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၇,၉၅၂.၅၄၇ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၂,၅၈၀.၅၅၂ ဘီလီယံ၊ (၃၂.၄၅ %)၊

(၃) **နိုင်ငံခြားရေးဝန်ကြီးဌာန။** မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၁၁၈.၅၆၄ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၅.၀၉၄ဘီလီယံ၊ (၁၂.၇၃ %)၊

(၄) **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။** မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၉,၈၁၇.၁၁၂ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၂,၀၃၃.၇၆၄ ဘီလီယံ၊ (၂၀.၇၂ %)၊

(၅) **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။** မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၉.၀၁၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁.၁၅၉ ဘီလီယံ၊ (၁၂.၈၅ %)၊

(၆) **သာသနာရေးဝန်ကြီးဌာန။** မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၄၃.၅၁၃ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၅၀.၃၆၇ ဘီလီယံ၊ (၃၄၅.၅၇ %) (၃၄၅.၅၇ ရာခိုင်နှုန်း ဖြစ်ခြင်းမှာ ပညာရေးဝန်ကြီးဌာန၏အမှာစာအရ ပုံနှိပ်ထုတ်ဝေပေးရမည့် ကျောင်းသုံး စာအုပ်များအတွက် ကုန်ကြမ်းဝယ်ယူရန်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနသို့ ကျောင်းသုံးစာအုပ်များအပ်နှံချိန်တွင် အရင်းနှင့်အမြတ်ရငွေ ပြန်လည်ဝင်ရောက် လာမည်ဖြစ်၍ ယခုအခါ ဖြည့်စွက်တောင်းခံငွေ ရာခိုင်နှုန်းများနေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။)၊

(၇) **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**။ မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၂၉၁.၈၂၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၃၅.၉၈၈ ဘီလီယံ၊ (၁၂.၃၃ %)၊

(၈) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**။ မူလခွင့်ပြုချက်ပါ အသုံးစရိတ်ကျပ် ၅၅၀.၈၇၄ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၆၂.၅၃၈ ဘီလီယံ၊ (၂၉.၅၀ %)၊

(၉) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**။ မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၂၈.၄၅၁ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၄.၃၂၅ ဘီလီယံ၊ (၁၅.၂၀ %)၊

(၁၀) **လူငယ်ရေးရာဝန်ကြီးဌာန**။ မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၁.၀၆၈ ဘီလီယံ၊ ဖြည့်စွက် တောင်းခံငွေကျပ် ၀.၃၉၄ ဘီလီယံ၊ (၃၆.၈၉ %)၊

(၁၁) **ဆောက်လုပ်ရေးဝန်ကြီးဌာန**။ မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၉၈၃.၂၂၁ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၂၉.၀၁၁ ဘီလီယံ၊ (၁၃.၁၂ %)၊

(၁၂) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ**။ မူလခွင့်ပြုချက်ပါအသုံးစရိတ်ကျပ် ၂၂၃.၈၁၂ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၂၀၈.၉၆၉ ဘီလီယံ၊ (၉၃.၃၇ %)။

(ခ) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(ဘဏ္ဍာရန်ပုံငွေအတွင်း)**။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအတွင်း လုပ်ငန်းဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန (၇) ခု လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ မူလခွင့်ပြုချက်ပါ သုံးငွေကျပ် ၁၃,၇၁၈.၃၉၁ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁,၈၅၉.၃၁၃ ဘီလီယံ၊ (၁၃.၅၅ %)

(ဂ) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(ဘဏ္ဍာရန်ပုံငွေပြင်ပ)**။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေပြင်ပ လုပ်ငန်းဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန (၂) ခုနှင့် လူမှုဖူလုံရေးအဖွဲ့အပါ မူလခွင့်ပြုချက်ပါ သုံးငွေကျပ် ၅,၄၅၄.၅၀၈ ဘီလီယံ၊ ဖြည့်စွက် ခွင့်ပြုငွေကျပ် ၃၀၃.၃၀၈ ဘီလီယံ၊ (၅.၅၆ %)

၈။ **တိုင်းဒေသကြီးနှင့်ပြည်နယ်များ**။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်းအရ လိုငွေကျပ် ၂,၀၂၆.၉၁၆ ဘီလီယံဖြစ်သဖြင့် ပြည်ထောင်စုမှထောက်ပံ့ငွေ ကျပ် ၂,၀၂၆.၉၁၆ ဘီလီယံ လျာထားခဲ့ပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထပ်မံထောက်ပံ့ငွေအပါအဝင် ပြည်ထောင်စု၏မူလခန့်မှန်းခြေငွေစာရင်းအရ လိုငွေနှင့်ဂျီဒီပီအချိုးမှာ ၄.၆၁ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းအရ လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅.၇၄ ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်(၁၀)ခုသို့ ကျပ် ၁၁၃.၀၉၆ ဘီလီယံ ထပ်မံထောက်ပံ့ပေးရန် လျာထားပြီး ကျန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် (၄)ခုတွင် မူလခန့်မှန်းခြေငွေစာရင်းအောက် ကျပ် ၁၀၇.၆၀၁ ဘီလီယံ လျော့နည်းထောက်ပံ့ရမည်ဖြစ်ပါ၍ စုစုပေါင်း ကျပ် ၅.၄၉၅ ဘီလီယံကို အောက်ပါအတိုင်း ထပ်မံထောက်ပံ့ရမည်ဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

အကြောင်းအရာ	**မူလခန့်မှန်းခြေ**	**ပြုပြင်ပြီးခန့်မှန်းခြေ**	**အတိုး(+)/အလျော့(-)**
ထောက်ပံ့ငွေ	၂,၀၂၆.၉၁၆	၂,၀၃၂.၄၁၁	(+)၅.၄၉၅

၉။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရသည့် အကြောင်းရင်းများနှင့် အသုံးစရိတ်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်ဘီလီယံ)

စဉ်	အကြောင်းအရာ		စီစစ်ထောက်ခံ
(က)	နိုင်ငံတော်သို့ ရငွေအဖြစ် ပေးသွင်းရန်တောင်းခံသည့်ငွေများ		၁,၃၁၀.၃၁၄
	(၁) ဝင်ငွေခွန်	၂၁၁.၄၀၅	
	(၂) ကုန်သွယ်လုပ်ငန်းခွန်	၂၉.၃၃၀	
	(၃) နိုင်ငံတော်သို့ထည့်ဝင်ငွေ	၁,၀၆၉.၅၇၉	
(ခ)	ပြည်ပအကူအညီရငွေ၊ ပြည်ပချေးငွေများထပ်မံရရှိသည့် အတွက် အရအသုံးဖော်ပြ၍ တောင်းခံရသည့်အသုံးစရိတ်များ		၁၃၆.၅၀၈
(ဂ)	သာမန်အသုံးစရိတ်များတွင်မဖြစ်မနေထပ်မံလိုအပ်သည့် အသုံးစရိတ်များ		၂,၃၃၇.၇၆၆
	(၁) လစာ၊ စရိတ်၊ ချီးမြှင့်ငွေ	၁၈၈.၈၃၄	
	(၂) ပင်စင်	၂၉၂.၉၀၃	
	(၃) အတိုးပေးငွေနှင့် ငွေကြေးစရိတ်	၅၀၃.၃၅၇	
	(၄) ကုန်ကြမ်းဝယ်ယူခြင်း	၄၁၂.၀၆၆	
	(၅) ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်	၁၀၅.၄၀၈	
	(၆) ပြည်ထောင်စုမှ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ လွှဲပြောင်းပေးမည့်အခွန်ဝေစု	၅၇၁.၉၂၈	
	(၇) ထောက်ပံ့ငွေ (တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် လူ့အခွင့်အရေးကော်မရှင်တို့အတွက် ထောက်ပံ့ငွေအပါအဝင်)	၂၆၃.၂၇၀	
(ဃ)	ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် ဦးစားပေးအသုံးစရိတ်များမှ လုပ်ငန်းပြီးစီးမှုအခြေအနေအရ ဘဏ္ဍာရေးနှစ်မကုန်မီပေးချေရမည့် အသုံးစရိတ်များ		၃,၆၈၄.၁၀၄
		စုစုပေါင်း	၇,၄၆၈.၇၀၂

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း (Revised Estimate)

၁၀။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့အတွက် ဖြည့်စွက်ခွင့်ပြုငွေစိစစ်ပြီးနောက် ဖြစ်ပေါ်လာသည့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅.၇၄ ရာခိုင်နှုန်းဖြစ်ကြောင်း အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(ကျပ်ဘီလီယံ)

စဉ်	အကြောင်းအရာ	သာမန်	ငွေလုံးငွေရင်း	ကြွေးမြီ	စုစုပေါင်း
(က)	ရငွေ	၄၄,၁၁၈.၄၄၃	၁၆၆.၉၅၅	၁,၀၂၉.၈၈၃	**၄၅,၃၁၅.၂၈၁**
(ခ)	သုံးငွေ	၄၁,၅၂၄.၉၀၃	၁၃,၆၈၀.၆၁၈	၁,၅၂၈.၆၃၈	**၅၆,၇၃၄.၁၅၉**
(ဂ)	ပိုငွေ(+)/လိုငွေ(-)	(+)၂,၅၉၃.၅၄၀	(-)၁၃,၅၁၃.၆၆၃	(-)၄၉၈.၇၅၅	**(-)၁၁,၄၁၈.၈၇၈**
(ဃ)	ကျိဒိပိတန်ဖိုး				**၁၉၈,၈၆၆.၁၇၄**
(င)	လိုငွေနှင့်ကျိဒိပိအချိုး				**၅.၇၄ %**

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်သုံးသပ်ချက်

၁၁။ **ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု။** ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံတင်ပြချက်နှင့်အတူ တင်ပြတောင်းခံလာသော ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်တောင်းခံငွေကျပ် ၇,၄၆၈.၇၀၂ ဘီလီယံသည် မူလခန့်မှန်းခြေအသုံးစရိတ် ကျပ် ၄၉,၈၂၈.၆၂၃ ဘီလီယံ၏ ၁၄.၉၉ ရာခိုင်နှုန်းရှိပါသည်။ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အထိ ဖြည့်စွက်ခွင့်ပြုသုံးငွေများကို မူလခန့်မှန်းခြေသုံးငွေများနှင့်နှိုင်းယှဉ်၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

(ကျပ်ဘီလီယံ)

စဉ်	ဘဏ္ဍာရေးနှစ်	မူလခန့်မှန်းခြေသုံးငွေ	ဖြည့်စွက်ခွင့်ပြုသုံးငွေ	မူလခန့်မှန်းခြေအပေါ် ရာခိုင်နှုန်း
(က)	၂၀၂၂-၂၀၂၃	၃၀,၈၃၃.၃၉၆	၂၆,၁၁.၅၄၀	၈.၅ %
(ခ)	၂၀၂၃-၂၀၂၄	၃၃,၁၇၅.၀၅၃	၃,၀၂၁.၁၁၂	၉.၁ %
(ဂ)	၂၀၂၄-၂၀၂၅	၃၉,၆၇၂.၆၂၀	၅,၅၀၉.၈၁၂	၁၃.၉ %
(ဃ)	၂၀၂၅-၂၀၂၆	၄၆,၅၉၅.၂၃၁	၅,၇၀၅.၁၇၈	၁၂.၂ %
(င)	၂၀၂၆-၂၀၂၇(တင်ပြချက်)	၄၉,၈၂၈.၆၂၃	၇,၄၆၈.၇၀၂	၁၄.၉၉ %

၁၂။ **သုံးသပ်ချက် ။** ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုပေးရန်တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုသုံးငွေပမာဏကျပ် ၇,၄၆၈.၇၀၂ ဘီလီယံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ ၅ နှစ်အတွင်း အများဆုံးပမာဏဖြစ်ပါသည်။ မန္တလေးငလျင်လှုပ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော ရုံးအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများ၊ ရုံးသုံးစက်ပစ္စည်းကိရိယာများ ပြုပြင်ဖြည့်ဆည်းရခြင်း၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သော လမ်း၊ တံတား၊ လျှပ်စစ်မောတ်အားဖြန့်ဖြူးရေးဆိုင်ရာ စက်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ ပြန်လည်ပြင်ဆင်တပ်ဆင်ရန် ပစ္စည်းများဝယ်ယူခြင်း စသည့်လုပ်ငန်းများကြောင့် ဖြည့်စွက်ခွင့်ပြုငွေလိုအပ်မှုမှာ မှန်ကန်ပါသော်လည်း သုံးစွဲနိုင်မည့်အချိန်ကာလသည် (၄)လခန့်သာရှိခြင်းကြောင့် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံထားသည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်ရေးအတွက် ကြိုးမားသည့်ကန့်သတ်ချက်တစ်ရပ်ဖြစ်သည်ဟု သုံးသပ်ရရှိပါသည်။ အထူးသဖြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း၊ ပြည်တွင်း

ပြည်ပမှပစ္စည်း ဝယ်ယူရန်အချိန်လိုအပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများအရ ပြီးစီးမှုအဆင့်အလိုက်နှင့် ပစ္စည်းရောက်ရှိစစ်ဆေးလက်ခံပြီးမှသာ ငွေပေးချေရခြင်း စသည့်လုပ်ငန်းစဉ်များရှိနေပါသဖြင့် လုပ်ငန်းများအတွက် အသားတင်လိုအပ်ငွေကိုသာ အဓိကထားတောင်းခံရန်၊ မဖြစ်မနေသုံးစွဲရန်လိုအပ်သည့် အသုံးစရိတ်များကိုသာတောင်းခံရန်၊ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မှန်ကန်စွာသုံးစွဲရန်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးမှုကို စနစ်တကျခံယူရန်နှင့် စိစစ်သုံးစွဲနိုင်ရေး အားထုတ်ကြိုးပမ်းကြရန် လိုအပ်ကြောင်းသုံးသပ်ရရှိပါသည်။

၁၃။ **ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေ။** ဖြည့်စွက်ခွင့်ပြုငွေတင်ပြချက်တွင် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးငွေများထပ်မံရရှိသည့်အတွက် အရအသုံးဖော်ပြ၍ တောင်းခံရသည့်အသုံးစရိတ်မှာ ကျပ် ၁၃၆.၅၀၈ ဘီလီယံပါဝင်သောကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ပြီးခန့်မှန်းခြေစာရင်းမှာ အကူအညီရငွေတွင် ကျပ် ၂၇၁.၃၈၄ ဘီလီယံနှင့် ချေးယူရငွေတွင် ကျပ် ၅၉၈.၁၈၀ ဘီလီယံအထိ ရည်မှန်းထားသည်ကို ယခင်ဘဏ္ဍာရေးနှစ်များနှင့်နှိုင်းယှဉ်၍ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(ကျပ်ဘီလီယံ)

စဉ်	ဘဏ္ဍာရေးနှစ်	ပြည်ပအကူအညီရငွေ (Grant)	ချေးယူရငွေ (Loan)
(က)	၂၀၂၂-၂၀၂၃	၃၈၆.၈၉၆	၁,၇၇၃.၇၉၀
(ခ)	၂၀၂၃-၂၀၂၄	၂၆၇.၈၀၄	၂,၁၅၃.၆၅၇
(ဂ)	၂၀၂၄-၂၀၂၅	၄၉၈.၉၀၀	၁,၃၅၅.၆၁၉
(ဃ)	၂၀၂၅-၂၀၂၆	၂၄၈.၃၂၂	၉၂၈.၈၅၄
(င)	၂၀၂၆-၂၀၂၇ (ပြုပြင်ပြီးခန့်မှန်းခြေ)	၂၇၁.၃၈၄	၅၉၈.၁၈၀

၁၄။ **သုံးသပ်ချက်။ ပြည်ပအကူအညီ**အများစုသည် ပြည်သူတို့၏အကျိုးစီးပွားကို တိုက်ရိုက်အကျိုးပြုစေပြီး **ပြည်ပမှချေးယူငွေ**အများစုသည် နိုင်ငံတော်၏အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ရယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်ပအကူအညီရငွေများ ပြည်ပချေးယူငွေများကို နိုင်ငံတော်အတွက် ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်ရေး၊ ချေးငွေပေးဆပ်ငွေ၊ ချေးငွေပေးဆပ်မည့် အစီအမံများကို စနစ်တကျရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်းသုံးသပ်ရရှိပါသည်။

၁၅။ **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ရငွေအဖြစ်ပေးသွင်းရန်တောင်းခံငွေများ။** ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေတွင် နိုင်ငံတော်သို့ရငွေအဖြစ် ပေးသွင်းရန်တောင်းခံငွေများကျပ် ၁,၃၁၀.၃၁၄ ဘီလီယံပါဝင်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အကောက်များကို ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေများအရလည်းကောင်း၊ နိုင်ငံတော်သို့ထည့်ဝင်ငွေဆိုင်ရာ ညွှန်ကြားချက်များအရလည်းကောင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း (၃)လပတ်အလိုက် တစ်နှစ်(၄)ကြိမ်ခွဲ၍ ကြိုတင်ပေးသွင်းရမည်ဖြစ်ပါသည်။ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုတောင်းခံငွေ ကျပ် ၁,၃၁၀.၃၁၄ ဘီလီယံတွင် ဝန်ကြီးဌာနအလိုက် နှစ်လွန်ကြွေးကျန်နှင့် နှစ်အတွင်းကြွေးကျန်များ အောက်ပါအတိုင်းပါဝင်ကြောင်း တွေ့ရှိရပါသည် -

(ကျပ်ဘီလီယံ)

စဉ်	ဝန်ကြီးဌာန	နှစ်လွန်ကြွေးကျန်	၂၀၂၆-၂၀၂၇ နှစ်အတွင်း	စုစုပေါင်း
(က)	ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေး	၁၃.၇၁၂	၁.၅၅၇	၁၅.၂၆၉
(ခ)	ဘဏ္ဍာရေးနှင့်အခွန်	၁၇၈.၄၅၂	၁၂၃.၈၈၆	၃၀၂.၃၃၈
(ဂ)	သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၅.၉၅၁	၈၀.၀၀၅	၉၅.၉၅၆
(ဃ)	လျှပ်စစ်နှင့်စွမ်းအင် (ဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပ)	၅၇.၂၃၇	၆၁.၉၀၆	၁၁၉.၁၄၃
(င)	ပို့ဆောင်ရေး (ပြင်ပ)	၅၅.၅၉၆	၁၁.၃၄၃	၆၆.၉၃၉
(စ)	လျှပ်စစ်နှင့်စွမ်းအင်	၄၉၉.၆၇၈	၂၁၀.၉၉၁	၇၁၀.၆၆၉
	စုစုပေါင်း	**၈၂၀.၆၂၆**	**၄၈၉.၆၈၈**	**၁,၃၁၀.၃၁၄**

၁၆။ **သုံးသပ်ချက်။** ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အကောက်နှင့် ထည့်ဝင်ငွေများကို တည်ဆဲဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ဥပဒေများနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေဆိုင်ရာညွှန်ကြားချက်များနှင့်အညီ အချိန်မီပေးသွင်းရန်လိုအပ်ပါသည်။

၁၇။ **၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာနများ၏လုပ်ငန်းစီမံကိန်းများအတွက် မူလခန့်မှန်းခြေငွေစာရင်း။** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၏ စိစစ်တင်ပြချက်အရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာနများ၏ လုပ်ငန်းစီမံကိန်းများအတွက် မူလခန့်မှန်းခြေငွေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်စာရင်းများကို **နောက်ဆက်တွဲ(ခ)**ဖြင့် တင်ပြအပ်ပါသည်-

လုပ်ငန်းစီမံကိန်းများ ရန်ပုံငွေရရှိမှုနှင့်ငွေကြေးသုံးစွဲမှုအခြေအနေ

(ကျပ်ဘီလီယံ)

စဉ်	ဌာန/အဖွဲ့အစည်း	လျာထားချက် (BE)
(၁)	ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ	၄၁၄.၈၂၂
(၂)	ဝန်ကြီးဌာနများ	၉,၇၁၁.၃၅၆
(၃)	နေပြည်တော်ကောင်စီ	၅၅၃.၄၀၃
(၄)	နေပြည်တော်စည်ပင်သာယာရေးကော်မတီ	၁၆၃.၅၀၇
(၅)	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	၅၅.၆၇၁
	စုစုပေါင်း	**၁၀,၈၉၈.၇၅၉**

၁၈။ **သုံးသပ်ချက်။** ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများအလိုက် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရန် မူလခန့်မှန်းခြေငွေစာရင်းအား ဇပြီလမှစက်တင်ဘာလအထိ (၆)လတာကာလသုံးစွဲပြီးရာခိုင်နှုန်းမှာ ၄၀ ရာခိုင်နှုန်းနှင့်အထက် ရှိသင့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ရသည့်လုပ်ငန်းစီမံကိန်းများအတွက် လိုအပ်ပစ္စည်းများသည် ပြည်ပမှဝယ်ယူတင်သွင်းရမည်

ဆိုပါက တင်ဒါရရှိသောကုမ္ပဏီများ၏ စွမ်းဆောင်နိုင်မှု၊ တာဝန်ယူနိုင်မှုကိုစိစစ်ခြင်း၊ လိုအပ်ချက်များကို သက်ဆိုင်ရာကော်မတီများသို့ တင်ပြဆောင်ရွက်ခြင်းဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါသည်။

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်)

၁၉။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန(၈)ခုအောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေငွေစာရင်းနှင့်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအရ ရငွေ၊ သုံးငွေနှင့်လိုငွေပေါ်ပေါက်မှုအခြေအနေကို အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည်။ အသေးစိတ်ကို **နောက်ဆက်တွဲ(ဂ)** ဖြင့် တင်ပြအပ်ပါသည်-

(ကျပ်ဘီလီယံ)

စဉ်	အကြောင်းအရာ	မူလခန့်မှန်းခြေ	ထပ်တိုးတောင်းခံငွေ	ပြုပြင်ပြီးခန့်မှန်းခြေ	ရာခိုင်နှုန်း
(က)	ရငွေ	၁၂,၁၁၉.၃၃၂	၁,၃၀၅.၇၅၅	၁၃,၄၂၅.၀၈၇	၁၀.၇၇ %
(ခ)	သုံးငွေ	၁၃,၇၁၈.၃၉၂	၁,၈၅၉.၃၁၃	၁၅,၀၈၁.၀၇၄	၁၃.၅၅ %
(ဂ)	လိုငွေ	(-)၁,၅၉၉.၀၆၀	(-)၅၅၃.၅၅၈	(-) **၁,၆၅၅.၉၈၇**	

(မှတ်ချက်) မူလခန့်မှန်းခြေငွေစာရင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို တစ်ပေါင်းတည်းဖော်ပြထားပြီး၊ လျှပ်စစ်ဝန်ကြီးဌာနနှင့်စွမ်းအင်ဝန်ကြီးကိုဌာနခွဲခြား ဖော်ပြထားပါသည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနများကို ပြန်လည်ခွဲခြားဖော်ပြပြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ကို ပေါင်းစည်းဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ တင်ပြပါ **နောက်ဆက်တွဲ(ဂ)**တွင် ဝန်ကြီးဌာန(၂)ခုစီကို ပေါင်းစည်းဖော်ပြထားပါသည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေသုံးငွေနှင့်လိုငွေကိုစိစစ်ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေငွေစာရင်းမှာ ကျပ် ၈၇၄.၀၉၇ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၅၅၃.၄၆၆ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းငွေကျပ် ၁,၄၁၈.၁၂၂ ဘီလီယံဖြစ်သဖြင့် ဖြည့်စွက်ရာခိုင်နှုန်းမှာ ၆၃.၃၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။ ထို့အတူ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေငွေစာရင်းမှာ ကျပ် ၄၇၄.၆၄၈ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေကျပ် ၁၅၇.၀၂၃ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေကျပ် ၆၂၉.၇၂၄ ဘီလီယံဖြစ်သဖြင့် ဖြည့်စွက်ရာခိုင်နှုန်းမှာ ၃၃.၀၈ ရာခိုင်နှုန်း ရှိကြောင်းတွေ့ရှိရပါသည်။

၂၁။ ပြုပြင်ပြီးခန့်မှန်းခြေရငွေမှာ မူလခန့်မှန်းခြေထက်ကျပ် ၁,၃၀၅.၇၅၅ ဘီလီယံ တိုးလာသော်လည်း၊ သုံးငွေမှာ ကျပ် ၁,၈၅၉.၃၁၃ ဘီလီယံ တိုးလာသဖြင့် ရငွေထက်သုံးငွေတိုးလာမှုမှာ ကျပ် ၅၅၃.၅၅၈ ဘီလီယံ ပိုမိုကြောင်းတွေ့ရပါသည်။

၂၂။ မူလခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတစ်ခုသာ ပိုငွေကျပ် ၁၆၂.၀၃၀ ဘီလီယံဖြင့်ရေးဆွဲခဲ့ပြီး၊ ကျန်ဝန်ကြီးဌာနအားလုံးလိုငွေပြကာ စုစုပေါင်းစာရင်းချုပ်တွင် လိုငွေကျပ် ၁,၅၉၉.၀၅၉ ဘီလီယံဖြင့်ရေးဆွဲခဲ့ပါသည်။ လက်ရှိပြုပြင်ပြီးခန့်မှန်းခြေတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအားလုံးကို လိုငွေဖြင့်ရေးဆွဲကာ စုစုပေါင်းစာရင်းချုပ်တွင် လိုငွေကျပ် ၁,၆၅၅.၉၈၇ ဘီလီယံဖြင့် ခန့်မှန်းထားကြောင်း၊ မူလခန့်မှန်းခြေ လိုငွေထက်ကျပ် ၅၆.၉၂၈ ဘီလီယံ ပိုမိုလာကြောင်း စိစစ်တွေ့ရှိရပါသည်။ စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့စည်းများအား နှစ်စဉ်လိုငွေ(အရှုံး)ဖြင့်ရေးဆွဲခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

သုံးသပ်ချက်

၂၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(State-owned Economic Enterprises-SEEs) များအားလုံး နှစ်စဉ်လိုငွေပြကာ အရှုံးပေါ်နေရခြင်းသည် နိုင်ငံတော်၏ဘဏ္ဍာရေးတည်ငြိမ်မှုကို ထိခိုက်စေနိုင်သည့် အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာနိုင်သဖြင့် အောက်ပါအချက်များကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည် -

(က) **စက်ရုံ၊အလုပ်ရုံများရပ်နားထားရခြင်းနှင့်ကုန်ထုတ်စွမ်းအားကျဆင်းခြင်း**

(၁) **ကုန်ကြမ်းနှင့်စွမ်းအင်အခက်အခဲ**။ လျှပ်စစ်မီးမမှန်ခြင်း၊ စက်သုံးဆီဈေးနှုန်းကြီးမြင့်ခြင်းနှင့် ပြည်ပမှတင်သွင်းရသည့် ကုန်ကြမ်းပစ္စည်းများ ပြတ်လပ်ခြင်းတို့ကြောင့် စက်ရုံအများစုသည် ၎င်းတို့၏ ကုန်ထုတ်စွမ်းအားအပြည့် (Full Capacity) မလည်ပတ်နိုင်ဘဲရပ်နားထားရခြင်း(သို့မဟုတ်)ထုတ်လုပ်မှုကျဆင်းနေခြင်း၊

(၂) **ခေတ်မမီတော့သည့်စက်ပစ္စည်းများ**။ နိုင်ငံပိုင်စက်ရုံအများစုရှိစက်ပစ္စည်းများသည် ခေတ်မမီသဖြင့် ရေရှည်ပြုပြင်ထိန်းသိမ်းမှုစရိတ်(Maintenance Cost) မြင့်မားကာ အရှုံးပေါ်မှုကို ပိုမိုများပြားစေနိုင်ခြင်း။

(ခ) **ကမ္ဘာ့စျေးကွက်နှင့်ပြည်တွင်းစီးပွားရေးဂယက်ရိုက်ခတ်မှုများ**

(၁) **ငွေလဲလှယ်နှုန်းနှင့်သွင်းကုန်စရိတ်မြင့်မားခြင်း**။ မြန်မာကျပ်ငွေတန်ဖိုးအပြောင်းအလဲကြောင့် ပြည်ပမှတင်သွင်းရသော စက်အပိုပစ္စည်းများနှင့် ကုန်ကြမ်းစရိတ်များ သိသိသာသာမြင့်တက်လာခြင်း၊

(၂) **ဘတ်ဂျက်လိုငွေမြင့်တက်လာခြင်း**။ ပြည်ထောင်စု၏ဘတ်ဂျက်လိုငွေမှာ အမှန်စာရင်းများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃,၃၈၈.၁၆၆ ဘီလီယံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်(နှစ်ပတ်လည်စာရင်း)တွင် ကျပ် ၇,၃၁၁.၁၀၁ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြုပြင်ပြီးခန့်မှန်းခြေအရ ကျပ် ၁၁,၄၁၈.၈၇၈ ဘီလီယံအထိတိုးတက်လျက်ရှိရာ နိုင်ငံပိုင်လုပ်ငန်းများအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် လည်ပတ်ငွေဖြည့်ဆည်းပေးနိုင်မှု အကန့်အသတ်ဖြစ်လာခြင်း။

(ဂ) **လူမှုရေးနှင့်အများပြည်သူဝန်ဆောင်မှုကို ဦးစားပေးရခြင်း**

(၁) **ဝန်ဆောင်မှုဈေးနှုန်းများကို ထိန်းညှိထားရခြင်း။** အချို့သောဝန်ကြီးဌာနများ (ဥပမာ-လျှပ်စစ်၊ပို့ဆောင်ရေး) အောက်ရှိလုပ်ငန်းများသည် စီးပွားရေးအမြတ်အစွန်းထက် အများပြည်သူဝန်ဆောင်မှု(Public Service)ကို ဦးစားပေးရသဖြင့် ကုန်ကျစရိတ်ထက်ရောင်းဈေးကို လျှော့ချသတ်မှတ်ထားရခြင်းက လိုငွေပြရသည့် အဓိကအချက်ဖြစ်ခြင်း၊

(၂) **ဝန်ထမ်းစရိတ်လစဉ်ပေးချေနေရခြင်း။** စက်ရုံများပုံမှန်မလည်ပတ်နိုင်သော်လည်း ပုံသေဝန်ဆောင်စရိတ် (Fixed overhead Cost) များဖြစ်သည့် ဝန်ထမ်း လစာ၊ အခြေခံအသုံးစရိတ်များကို ဆက်လက်ကျခံရခြင်း။

အကြံပြုချက်

၂၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ(SEEs)၏ လိုငွေပြမှုကိုလျှော့ချရန်အတွက် အသုံးစရိတ်များစိစစ်ချွေတာခြင်း၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှု(Corporate Governance)စနစ်ကျင့်သုံးခြင်းနှင့် အရှုံးပေါ်နေသည့်စက်ရုံများကို ပုဂ္ဂလိကနှင့်ပူးပေါင်းလုပ်ကိုင်ခြင်း (Joint Venture) စသည့် ပြုပြင်ပြောင်းလဲမှုအစီအမံများ အလျင်အမြန်ဆောင်ရွက်သွားသင့်ပါသည်။

အခွန်ရငွေတိုးတက်ရရှိမှုအခြေအနေ

၂၅။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ရငွေမှာ မူလခန့်မှန်းခြေ ကျပ် ၁၄,၄၇၃.၂၅၁ ဘီလီယံမှ ပြုပြင်ပြီးခန့်မှန်းခြေကျပ် ၁၆,၈၈၉.၄၅၂ ဘီလီယံ လျာထားခဲ့သဖြင့် ကျပ် ၂,၄၁၆.၂၀၁ ဘီလီယံတိုးမြှင့်ရရှိခဲ့ပါသည်။ မူလခန့်မှန်းခြေငွေစာရင်းတွင် အခွန်အကောက်ရငွေနှင့် ဂျီဒီပီအချိုးမှာ ၇.၄၂ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတွင် ၈.၄၉ ရာခိုင်နှုန်းသို့ တိုးမြင့်လာပါသည်။ အဓိကတိုးမြှင့်လာသည့်အခွန်အမျိုးအစားများမှာ ကုန်သွယ်လုပ်ငန်းခွန်၊ မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ အထူးကုန်စည်ခွန်၊ ရတနာခွန်၊ ဝင်ငွေခွန်၊ အကောက်ခွန်၊ ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခများဖြစ်ပြီး အောက်ပါအတိုင်းတိုးမြှင့်ကြောင်း တွေ့ရှိရပါသည် -

(ကျပ်ဘီလီယံ)

စဉ်	**အကြောင်းအရာ**	**တိုးမြှင့်လျာထားမှု**
(က)	ကုန်သွယ်လုပ်ငန်းခွန်	၆၆၉.၈၅၆
(ခ)	မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု	၉.၂၇၉
(ဂ)	ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်	၅၃.၇၀၆
(ဃ)	အထူးကုန်စည်ခွန်	၃၂၃.၆၁၆
(င)	ရတနာခွန်	၉.၂၂၃
(စ)	ဝင်ငွေခွန်	၉၃၄.၃၂၀
(ဆ)	အကောက်ခွန်	၁၃၈.၀၀၀
(ဇ)	ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်	၃၉.၉၁၁
(ဈ)	ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း	၂၃၁.၂၈၂
	စုစုပေါင်း	**၂,၄၀၉.၁၉၃**

ဖြည့်စွက်ခွင့်ပြုငွေများစိစစ်ရာတွင် အခြေခံသည့်အချက်များ

၂၆။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ရင်ွေသုံးငွေစိစစ်ရေးပူးပေါင်းအဖွဲ့များသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည် -

(က) လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်း(BE)၌ ဆောင်ရွက်နိုင်သည်များကို (BE)၌သာ တောင်းခံရန်စိစစ်ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးချိန်တွင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန်(၄)လခန့်သာ အချိန်ရရှိသဖြင့် ကျန်ရှိသည့်(၄)လအတွင်း အမှန်သုံးစွဲနိုင်မည့် ကိစ္စရပ်များဖြစ်ရန် လိုအပ်ခြင်း၊

(ဂ) ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်နေခြင်း၊

(ဃ) ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စရပ်များကိုသာ ဦးစားပေးခြင်း။

၂၇။ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအလိုက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ မူလခန့်မှန်းခြေငွေစာရင်း၏ခွင့်ပြုချက်ပါ သုံးငွေနှင့်ဖြည့်စွက်တောင်းခံငွေများအပေါ် ပြည်ထောင်စုလွှတ်တော်တွင် ရင်ွေသုံးငွေများစိစစ်ရေးပူးပေါင်းအဖွဲ့(၁၈)ဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပါသည်။ စိစစ်ရေးပူးပေါင်းအဖွဲ့များ၏ စိစစ်ခဲ့သော ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအပေါ် သဘောထားမှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၁)**

(၁) **နိုင်ငံတော်သမ္မတရုံး။** နိုင်ငံတော်သမ္မတရုံးအနေဖြင့် အသုံးစရိတ်လျာထားမှု(BE)မှာ ကျပ် ၄၆၇.၆၆၃ ဘီလီယံဖြစ်ပြီး အသုံးစရိတ်ဖြည့်စွက်တောင်းခံမှုမှာ ကျပ် ၃.၇၅၀ ဘီလီယံဖြစ်သောကြောင့် ၀.၈၀ ရာခိုင်နှုန်းဖြစ်သဖြင့် သင့်လျော်မှုရှိသောကြောင့် စိစစ်လျှော့ချရန်မရှိသော်လည်း၊ သာမန်အသုံးစရိတ်ငွေစာရင်းခေါင်းစဉ် ၀၃-၀၆ ရှိ မော်တော်ယာဉ်(၆)စီးအတွက် စက်သုံးဆီဖိုး(၃)လစာပိုငွေ ကျပ် ၆.၈၁ သန်းအား (သတ်မှတ်နှုန်းထား ၁၀,၀၀၀ ကျပ်ဖြင့် ကျပ် ၆.၈၁ သန်းတောင်းခံထားကြောင်း စိစစ်တွေ့ရှိရ) ယာဉ်ထုတ်ယူရရှိမှုနောက်ကျခဲ့သဖြင့် ဆီသုံးစွဲနိုင်ခြင်းမရှိသောကြောင့် ပြန်လည်အပ်နှံရန် သဘောထားမှတ်ချက်ပြုပါသည်။

(၂) **ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။** ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေဖြင့် သာမန်သုံးငွေအား ဖြည့်စွက်တောင်းခံခြင်းမရှိကြောင်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်တွင်ကျပ် ၄.၇၅၂ ဘီလီယံတောင်းခံထားပြီး စုစုပေါင်းအသုံးစရိတ်လျာထားငွေ(BE)တွင် ကျပ် ၅.၅၃၆ ဘီလီယံဖြစ်သဖြင့် တောင်းခံမှု ၈၅.၈၄ ရာခိုင်နှုန်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ ဖြည့်စွက်တောင်းခံသည့်ကျပ် ၄.၇၅၂ ဘီလီယံမှာ နိုင်ငံတော်သမ္မတ၏ခရီးစဉ်ညွှန်ကြားချက်အရ နိုင်ငံတော်ည့ွှေဂေဟာအဆောင် A,C,D ပြင်ဆင်ရန်ဖြစ်သဖြင့် စိစစ်လျှော့ချရန်မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၃) **နေပြည်တော်ကောင်စီ။** နေပြည်တော်ကောင်စီအနေဖြင့် ဖြည့်စွက်တောင်းခံမှု သာမန်အသုံးစရိတ် ကျပ် ၀.၈၇၂ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၃၉.၂၉၃ ဘီလီယံ၊ စုစုပေါင်းကျပ် ၄၀.၁၆၅ ဘီလီယံ၊ ဂ.၁၈ ရာခိုင်နှုန်းဖြစ်ပြီး ၁၀ ရာခိုင်နှုန်း ကျော်လွန်မှုမရှိသဖြင့် စိစစ်လျှော့ချရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြုပါသည်။

(၄) **နေပြည်တော်စည်ပင်သာယာရေးကော်မတီ။** နေပြည်တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် မူလခွင့်ပြုငွေ(BE)တွင် ကျပ် ၂၂၃.၈၁၂ ဘီလီယံ၊ ဖြည့်စွက် တောင်းခံမှုကျပ် ၂၀၈.၉၆၉ ဘီလီယံဖြစ်သဖြင့် ၉၃.၃၇ ရာခိုင်နှုန်းရှိသော်လည်း နိုင်ငံတော်မြို့တော်အင်္ဂါရပ်နှင့်အညီ အမှန်တကယ်အသုံးပြုရမည့်စရိတ်များ ဖြစ်သောကြောင့် စိစစ်လျှော့ချရန်မရှိပါကြောင်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများမှ ငလျင်ဘေးဒဏ်သင့်အဆောက်အဦ(၂၂၁)လုံးနှင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အပြင် နေပြည်တော်အတွင်း လမ်းမီးတိုင်များအား LED မီးလုံးများ လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်သဖြင့် စိစစ်လျှော့ချရန်မရှိကြောင်းနှင့် **ရွှေပိုင်း**တွင် ခန့်မှန်းလျာထားရငွေ(BE)ထက် ကျပ် ၁၀.၃၄၈ ဘီလီယံပိုမိုရရှိသော်လည်း ယခုထက်ဝင်ငွေပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(ခ) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၂)**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန။** ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ (BE)တွင်ကျပ် ၇,၉၅၂.၅၄၇ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၂,၅၈၀.၅၅၂ ဘီလီယံ၊ ၃၂.၄၅ ရာခိုင်နှုန်း တိုးမြှင့်တောင်းခံသည့်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းမှာ ကျပ် ၁၀,၅၃၃.၀၉၉ ဘီလီယံဖြစ်သော်လည်း နိုင်ငံတော်ကာကွယ်ရေး အရလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးအရလည်းကောင်း လိုအပ်ချက်အရ တောင်းခံသောစာရင်းများသည် ကျိုးကြောင်းဆီလျော်မှုရှိပါသဖြင့် ပြင်ဆင်ရန် မရှိပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(ဂ) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၃)**

(၁) **နိုင်ငံခြားရေးဝန်ကြီဌာန။** နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ(BE)တွင် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်လျာထားကျပ် ၁၁၈.၅၆၄ ဘီလီယံ၊ ဖြည့်စွက် တောင်းခံငွေကျပ် ၁၅.၀၉၄ ဘီလီယံ၊ ၁၂.၇၃ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက် တောင်းခံသည့်အသုံးစရိတ်များမှာ မြန်မာသံရုံးတိုးချဲ့ဖွင့်လှစ်ခြင်း၊ ပြည်ပနိုင်ငံ အသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား စရိတ်နှုန်းထားတိုးမြှင့် ပေးခြင်း၊ ရုံးအဆောက်အဦများနှင့်ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍ စိစစ်လျှော့ချရန်မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) **အလုပ်သမားဝန်ကြီးဌာန။** အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ (BE)တွင် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၂၉.၄၃၃ ဘီလီယံ၊ ဖြည့်စွက်

တောင်းခံငွေကျပ် ၀.၇၈၇ ဘီလီယံ၊ ၂.၆၇ ရာခိုင်နှုန်းဖြစ်ပါသည်။ အသုံးစရိတ်အား မူလခွင့်ပြုငွေ၏ ၅ ရာခိုင်နှုန်းအောက်တောင်းခံထားပြီး ယခုဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များဖြစ်သောကြောင့် စိစစ်လျှော့ချခြင်းမရှိပါကြောင်း နှင့်လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။ အလုပ်သမားဝန်ကြီးဌာန၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော လူမှုဖူလုံရေးအဖွဲ့အနေဖြင့် မူလခန့်မှန်းခြေ (BE)တွင် ကျပ် ၇၉.၅၄၇ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၃၈.၅၉၅ ဘီလီယံ၊ ၄၈.၅၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံမှုရာခိုင်နှုန်း များပြားရခြင်းမှာ အာမခံအလုပ်သမားဦးရေ တိုးတက်လာသဖြင့် ဆေးရုံ၊ ဆေးခန်းများပြုပြင်တိုးချဲ့ခြင်း၊ ဆေးဝါးနှင့် စက်ပစ္စည်းများဝယ်ယူဖြည့်တင်းခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်း တို့ကြောင့် စိစစ်လျှော့ချရန်မရှိသော်လည်း **ရင်ွေမှာ** မူလလျာထားရငွေ၏ ၁၃.၂၂ ရာခိုင်နှုန်းသာတိုးတက်ခဲ့သဖြင့် ယခုထက်ရင်ွေတိုးတက်ရရှိရေး ဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(ဃ) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၄)**

(၁) **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေအသုံးစရိတ်ကျပ် ၅၅.၂၁၀ ဘီလီယံ၊ ယခုထပ်မံဖြည့်စွက်တောင်းခံငွေမှာကျပ် ၂.၁၉၈ ဘီလီယံ၊ ၃.၉၈ ရာခိုင်နှုန်း ဖြစ်ပြီး ၅ ရာခိုင်နှုန်းအတွင်း တောင်းခံထားသော်လည်း၊ မူလခန့်မှန်းခြေ၏ သာမန်အသုံးစရိတ်ကျပ် ၃၅.၉၆၁ ဘီလီယံ၊ ဖြည့်စွက်၌ သာမန်အသုံးစရိတ် တောင်းခံငွေကျပ် ၁.၃၇၃ ဘီလီယံရှိရာ လျှပ်စစ်ဓာတ်အားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ်အတွက် ပိုမိုတောင်းခံသည့်ကျပ် ၂၈.၄၇၆ သန်းအား စိစစ်လျှော့ချခဲ့ခြင်း ဖြစ်ကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(င) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၅)**

(၁) **နယ်စပ်ရေးရာဝန်ကြီးဌာန။** နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ (BE)တွင် သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်လျာထားကျပ် ၇၅.၆၈၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၃.၇၁၅ ဘီလီယံ၊ ၄.၉၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံမှုများတွင် လစာနှင့်စရိတ်အတွက် ကျပ် ၁.၅၈၅ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ လုပ်ငန်းသုံးယာဉ်နှင့် ပစ္စည်းဝယ်ယူရေးအတွက် ကျပ် ၂.၁၃၀ ဘီလီယံဖြစ်ပြီး အမှန်တကယ်ဆောင်ရွက်ရန်လိုအပ်သဖြင့် စိစစ်လျှော့ချထားခြင်းမရှိပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။** တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ(BE)တွင် သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်လျာထား

ကျပ် ၉.၀၁၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁.၁၆၀ ဘီလီယံ၊ ၁၂.၈၆ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံမှုအားစိစစ်ရာ ဝန်ထမ်းများ၏လစာနှင့်စရိတ်များ၊ တိုင်းရင်းသားများ၏အမျိုးသားနေ့၊ နေ့ထူးနေ့မြတ်ပွဲတော်များအားထောက်ပံ့မှုများ၊ ညီလာခံနှင့်နီးနောဖလှယ်ပွဲကျင်းပခြင်းများအတွက် သာမန်အသုံးစရိတ်ကျပ် ၁.၀၂၂ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၀.၁၃၈ ဘီလီယံမှာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့် ရုံး၊ ဌာနများ ပြုပြင်ရန်လိုအပ်၍ တောင်းခံမှုများဖြစ်သဖြင့် စိစစ်လျှော့ချရန်မရှိပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(စ) **စိစစ်ရေးပူးပေါင်းအဖွဲ့(၆)**

(၁) **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ(BE)တွင် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်လျာထား ကျပ် ၉,၈၁၇.၁၁၂ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုတွင်ကျပ် ၂,၀၃၃.၇၆၄ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၂၀.၇၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံသည့် အသုံးစရိတ်များမှာ ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက်ကျပ် ၁,၄၈၀.၂၉၈ ဘီလီယံ၊ စီးပွားရေးအဖွဲ့အစည်းများအတွက်ကျပ် ၅၅၃.၄၆၆ ဘီလီယံဖြစ်ပြီး ဘဏ် (၃) ခုမှာCBN-Net ဖြင့် ချိတ်ဆက်အသုံးပြုနေသည့် Network Devices များ End of Sale၊ End of Support ဖြစ်နေသောကြောင့် Devices အသစ်များအစားထိုးတပ်ဆင်ရန် လိုအပ်ပါသဖြင့် စိစစ်လျှော့ချရန်မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ရင်ွေမှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၁၈,၅၇၀.၂၂၀ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေ(RE) တွင် ကျပ် ၂၁,၄၅၉.၂၉၂ ဘီလီယံဖြစ်၍ ကျပ် ၂,၈၈၉.၀၇၂ ဘီလီယံ၊ ၁၅.၅၆ ရာခိုင်နှုန်းပိုမိုရရှိခဲ့ပါသည်။ ပိုမိုရရှိခဲ့သည့်ရင်ွေများတွင် အခွန်အကောက်မှငွေကျပ် ၂,၄၁၆.၂၀၁ ဘီလီယံ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ကျပ် ၂၇၅.၃၈၁ ဘီလီယံဖြစ်၍ အခွန်အကောက်မှ ရရှိငွေပိုမိုများပြားခဲ့ပါသည်။ သို့ပါ၍ နောင်လာမည့်ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်မှ ယခုထက်ပိုမိုရရှိရေးနှင့် အထူးသဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၆) ခုမှ ယခုထက်ဝင်ငွေ ပိုမိုရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(၃) **မြန်မာနိုင်ငံတော်ဗဟိုဘဏ်။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မူလခန့်မှန်းခြေ(BE) တွင် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၁,၃၇၄.၀၈၉ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုတွင် ငွေလုံးငွေရင်းအသုံးစရိတ် တောင်းခံမှုမရှိဘဲ သာမန်အသုံးစရိတ်ကျပ် ၅၀.၅၆၄ ဘီလီယံ၊ ၃.၆၈ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံသည့် ငွေမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလက်ကျန်အခြေအနေနှင့် ဘဏ်များမှဘဏ္ဍာငွေထုတ်ယူမှုအခြေအနေအရမှာယူခဲ့သော ငွေစက္ကူရိုက်နှိပ်ခ ထပ်မံလိုငွေဖြစ်သဖြင့် စိစစ်လျှော့ချရန်မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၄) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ **ရငွေမှာ** မူလခန့်မှန်းခြေ(BE) တွင် ကျပ် ၂,၆၂၈.၉၁၆ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင်ကျပ် ၂,၃၉၂.၀၉၆ ဘီလီယံဖြစ်သဖြင့် ကျပ် ၂၃၆.၈၂၀ ဘီလီယံလျော့နည်းခဲ့ကြောင်း တွေ့ရှိရပါသည်။ လျော့နည်းခဲ့ရသည့် အကြောင်းရင်းမှာ စက်သုံးဆီ Trade Financing အတွက် ဆောင်ရွက်ပေးရမှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ဘဏ်များအကြား Money Market ဆောင်ရွက်ပေးရမှု၊ Online Market Trading နှင့် FESC တို့အပေါ် နိုင်ငံခြားငွေဝယ်ယူမှု၊ ရောင်းချမှုတို့ကို မူတည်၍ ဈေးကွက်ဈေးနှုန်းအရ လျာထားရသောကြောင့် ၎င်းအချက်များအား ညှိနှိုင်းချိန်ဆဆောင်ရွက်ရန်လိုအပ်ကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၅) **အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် မူလခန့်မှန်းခြေ(BE)တွင် သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်လျာထားကျပ် ၂၃၃.၇၈၆ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုကျပ် ၅.၀၂၀ ဘီလီယံ၊ ၂.၁၅ ရာခိုင်နှုန်းဖြစ်ပါသည်။ အသုံးစရိတ်အား မူလခွင့်ပြုငွေ၏ ၅ ရာခိုင်နှုန်းအောက် တောင်းခံထားပြီး အမှန်တကယ်သုံးစွဲရမည့် အသုံးစရိတ်များဖြစ်သောကြောင့် စိစစ်လျှော့ချခြင်း မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(ဆ) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၇)**

(၁) **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေငွေစာရင်းနှင့်နှိုင်းယှဉ်ရာတွင် ရငွေရရှိမှုမှာ ၂၁.၁၃ ရာခိုင်နှုန်းဖြစ်ခြင်း၊ မူလခန့်မှန်းခြေ(BE)တွင် သာမန်၊ ငွေလုံးငွေရင်းနှင့်ကြွေးမြီအသုံးစရိတ်လျာထားကျပ် ၈၇၃.၆၅၀ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှု ကျပ် ၆၇.၄၁၆ဘီလီယံ၊ ၇.၇၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေများတွင် သာမန်အသုံးစရိတ်ကျပ် ၃၃.၆၈၇ ဘီလီယံမှာ ဌာနအသုံးပြုမည့် အသုံးစရိတ်များပါဝင်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၃၃.၇၂၉ ဘီလီယံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆည်၊ တာတမံများ တောင့်တင်းခိုင်မာအောင်ပြင်ဆင်ခြင်း၊ ရေလှောင်တမံ စီမံကိန်းများပါဝင်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်) အသုံးစရိတ်များပါဝင်ခြင်းတို့ကြောင့် စိစစ်လျှော့ချမှုမရှိသော်လည်း နောင်ဘဏ္ဍာရေးနှစ်တွင် ရငွေတိုးတက်ရရှိရေးနှင့် သုံးငွေလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) **သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန။** သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအနေဖြင့် သာမန်၊ ငွေလုံးငွေရင်းနှင့်ကြွေးမြီအသုံးစရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၂၉၁.၈၂၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၃၅.၉၈၈ ဘီလီယံ၊ ၁၂.၃၃ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေများတွင် သာမန်အသုံးစရိတ်ကျပ် ၆.၇၃၈ ဘီလီယံမှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းအသုံးစရိတ်များ

ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၂၉.၂၅၀ ဘီလီယံမှာ သမဝါယမဦးစီးဌာနမှ လူမှုစီးပွားမြှင့်တင်ရေးအစီအစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသလမ်းလုပ်ငန်းများ ပါဝင်နေသောကြောင့် စိစစ်လျှော့ချခြင်းမပြုသော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအား ထိရောက်စွာဆောင်ရွက်ပေးရန်နှင့် နောင်ဘဏ္ဍာရေးနှစ်တွင် ရငွေတိုးတက်ရရှိရေး၊ သုံးငွေလျှော့ချတောင်းခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(ဇ) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၈)**

(၁) **ပညာရေးဝန်ကြီးဌာန။** ပညာရေးဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ(BE)တွင် သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်လျာထား ကျပ် ၃,၄၄၆.၆၄၄ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုကျပ် ၂၀၇.၀၇၄ ဘီလီယံ၊ ၆.၀၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေများမှာ သာမန်အသုံးစရိတ်ကျပ် ၁၅၈.၂၉၀ ဘီလီယံတွင် အသစ်ခန့်အပ်ဆရာ၊ ဆရာမများ၏လစာနှင့်စရိတ်များ၊ အခြေခံနှင့်အဆင့်မြင့်ကျောင်းများ၏ ပြင်ဆင်ထိန်းသိမ်းစရိတ်များ၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၄၈.၇၈၀ ဘီလီယံတွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ငလျင်ဒဏ်ခံရသည့်ကျောင်းများအတွက် ကျောင်းသုံးပစ္စည်းများ၊ စက်ပစ္စည်းတပ်ဆင်ရန်နှင့် ကြွေးမြီကျပ် ၄.၉၆၂ သန်းတို့မှာ အမှန်တကယ်လိုအပ်ချက်များအတွက် အသုံးပြုရန်ဖြစ်သောကြောင့် စိစစ်လျှော့ချခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။** သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် မူလခန့်မှန်းခြေ(BE)တွင် သာမန်၊ ငွေလုံးငွေရင်းနှင့်ကြွေးမြီ အသုံးစရိတ်လျာထားကျပ် ၃၉၀.၉၈၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၃.၉၆၆ ဘီလီယံ၊ ၁.၀၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေမှာ သာမန်အသုံးစရိတ်ကျပ် ၃.၅၁၀ ဘီလီယံတွင် ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ တက္ကသိုလ် ၁၂၀ အတွက် လိုအပ်သည့်အသုံးစရိတ်များဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၀.၄၅၂ ဘီလီယံတွင် နည်းပညာတက္ကသိုလ်၏ မြေယာလျော်ကြေး၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ၊ ကြွေးမြီအသုံးစရိတ်ကျပ် ၀.၀၀၄ ဘီလီယံတို့မှာ မဖြစ်မနေသုံးစွဲရမည့် ကုန်ကျစရိတ်များဖြစ်သောကြောင့် စိစစ်လျှော့ချခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(ဈ) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၉)**

(၁) **ကျန်းမာရေးဝန်ကြီးဌာန။** ကျန်းမာရေးဝန်ကြီးဌာန၏ရငွေမှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၈၆.၀၆၇ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေစာရင်းတွင် ကျပ် ၁၇၀.၈၅၈ ဘီလီယံ၊ ထပ်မံရရှိငွေကျပ် ၈၄.၇၉၁ ဘီလီယံ၊ ၉၈.၅၂ ရာခိုင်နှုန်းဖြစ်ပေါ်ရခြင်းမှာ ပြည်ပအထောက်အပံ့များရရှိခြင်းကြောင့်ဖြစ်ပါသည်။ ပြည်ပအထောက်အပံ့ရရှိ

ငွေများအားလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအသုံးပြုရန် သဘောထားမှတ်ချက်ပြုပါသည်။ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၁,၃၉၁.၈၈၈ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၃၆.၆၀၉ ဘီလီယံ၊ ၉.၈၁ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေမှ ကျပ် ၀.၀၅၉ ဘီလီယံမှာ ဝက်ဖြူရေကျေးလက်ကျန်းမာရေးဌာနအဝင် သံကူကွန်ကရစ်တံတားအတွက် အလှူငွေရရှိသဖြင့် စိစစ်လျှော့ချခဲ့ခြင်းဖြစ်ပါသည်။ ကျန်ဖြည့်စွက်တောင်းခံမှု ကျပ်၁၃၆.၅၅၀ ဘီလီယံမှာ ဆေးရုံ၊ ဌာနများ၊ သူနာပြုသိပ္ပံကျောင်းများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်အတွက် မဖြစ်မနေလိုအပ်သော အသုံးစရိတ်များဖြစ်၍ စိစစ်လျှော့ချခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) **အားကစားရေးရာဝန်ကြီးဌာန။** အားကစားရေးရာဝန်ကြီးဌာန၏ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၁၉၁.၈၅၂ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၂.၁၂၀ ဘီလီယံ၊ ၆.၃၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေမှ သာမန်အသုံးစရိတ်ကျပ် ၀.၁၂၀ ဘီလီယံတွင် ပြည်တွင်းခရီးစရိတ်၊ နိုင်ငံခြားသွားကိုယ်စားလှယ်စရိတ်၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ ပြပွဲနှင့်ဘွဲ့နှင်းသဘင်ကုန်ကျစရိတ်များသုံးစွဲရန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ကျပ် ၁၂.၀၀၀ ဘီလီယံတွင် ဝတ္ထုသိဒ္ဓိရေကူးကန်ပြုပြင်ခြင်း၊ လေ့ကျင့်ရေးကွင်း အမှတ်(၃)ရှိကွန်ကရစ်လမ်းခင်းခြင်း၊ Gold Camp အားကစားလေ့ကျင့်ရေးစခန်း အကြီးစားပြုပြင်ခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရန်အတွက်ဖြစ်ပါသဖြင့် စိစစ်လျှော့ချခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(ည) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၀)**

(၁) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ရငွေမှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၆၀၁.၈၂၇ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေ(RE)တွင် ကျပ် ၇၀၃.၈၂၁ ဘီလီယံ၊ ပိုမိုရရှိငွေကျပ် ၁၀၁.၉၉၄ ဘီလီယံ၊ ၁၆.၉၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ဝန်ကြီးဌာန၏ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၅၅၀.၈၇၄ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေကျပ် ၁၆၂.၅၃၈ ဘီလီယံ၊ ၂၉.၅၁ ရာခိုင်နှုန်းဖြစ်၍ ပိုမိုရရှိငွေထက် ကျပ် ၆၀.၅၄၄ ဘီလီယံ ကျော်လွန်နေပါသည်။ ဖြည့်စွက်တောင်းခံမှုပိုမိုရခြင်းမှာ ငလျင်ဒဏ်သင့်တည်ဆောက်ရေးလုပ်ငန်းများဖြစ်၍ ယခုဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။ ဝန်ကြီးဌာန၏ဖြည့်စွက်တောင်းခံငွေ ကျပ် ၁၆၂.၅၃၈ ဘီလီယံ၊ ၂၉.၅၁ ရာခိုင်နှုန်းတွင်

ဝန်ကြီးဌာနနှင့်ဦးစီးဌာနများကျပ် ၅.၅၁၅ ဘီလီယံ၊ ၃.၃၉ ရာခိုင်နှုန်း၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် ကျပ် ၁၅၇.၀၂၃ ဘီလီယံ၊ ၃၃.၀၈ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေများအားဝန်ကြီးဌာန၏ မဖြစ်မနေသုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းများမှလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကြောင့် တောင်းခံငွေများအား စိစစ်လျှော့ချခြင်းမရှိသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (၅)ခုမှ ရငွေပိုင်းပိုမိုရရှိရေး စီမံဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(၂) **လူငယ်ရေးရာဝန်ကြီးဌာန။** လူငယ်ရေးရာဝန်ကြီးဌာနမှာ တိုးချဲ့ဖွဲ့စည်းခဲ့သည့် ဌာနအသစ်ဖြစ်ပြီး မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၁.၀၆၈ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေတွင် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၀.၃၉၄ ဘီလီယံ တောင်းခံခြင်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေမှာ ဝန်ကြီးဌာနအတွက် အမှန်တကယ်လိုအပ်ချက်များအသုံးပြုရန်ဖြစ်၍ စိစစ်လျှော့ချရန်မရှိပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၄) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၁)**

(၁) **ပို့ဆောင်ရေးဝန်ကြီးဌာန။** ပို့ဆောင်ရေးဝန်ကြီးဌာန (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအပါအဝင်)အနေဖြင့် **ရငွေပိုင်း**တွင် မူလခန့်မှန်းခြေ(BE) ကျပ် ၁,၁၁၁.၆၆၆ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း (RE) ကျပ် ၁,၁၆၉.၉၅၀ ဘီလီယံဖြစ်၍ ပိုမိုရငွေကျပ် ၅၈.၂၈၄ ဘီလီယံ၊ ၅.၂၄ ရာခိုင်နှုန်းဖြစ်ပါသည်။ ဝန်ကြီးဌာန၏ သာမန်၊ငွေလုံးငွေရင်းအသုံးစရိတ် မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၂,၄၄၅.၃၄၆ ဘီလီယံ၊ ဖြည့်စွက်တောင်းခံငွေ ကျပ် ၉၅.၈၃၇ ဘီလီယံ၊ ၃.၉၂ ရာခိုင်နှုန်း၊ ပိုမိုရရှိငွေထက် ဖြည့်စွက်တောင်းခံငွေကျပ် ၃၇.၅၅၃ ဘီလီယံ ကျော်လွန်နေပါသည်။ ဖြည့်စွက်တောင်းခံမှုပိုမိုရခြင်းမှာ မဖြစ်မနေလုပ်ဆောင်ရမည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဝယ်ယူရေးလုပ်ငန်းများဖြစ်၍ ယခုဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(၂) ဖြည့်စွက်တောင်းခံသည့်ကျပ် ၉၅.၈၃၇ ဘီလီယံတွင် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် တောင်းခံခြင်းမဟုတ်ဘဲ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်တောင်းခံခြင်းဖြစ်၍ စိစစ်လျှော့ချရန်မရှိသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေပိုင်းတွင် ပိုမိုရရှိရေး စီမံဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(၃) **ဒီဇျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။** ဒီဇျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သာမန်၊ ငွေလုံးငွေရင်းအသုံး

စရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၂၀၃.၈၇၃ ဘီလီယံ၊ ဖြည့်စွက်တောင်းခံသည့် သာမန်၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၁၀၀. ၀၉၇ ဘီလီယံ၊ ၄၉.၁၀ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံမှုတွင် ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကျပ် ၂၀.၆၆၂ ဘီလီယံမှာ အမျိုးသားညာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုးချဲ့ဖွင့်လှစ်ရန်အတွက် အသုံးစရိတ်ပါဝင်ပြီး နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ကျပ် ၇၉.၄၃၅ ဘီလီယံတောင်းခံရခြင်းမှာ လျှင်ဒဏ်သင့်တည်ဆောက်ရေးလုပ်ငန်း၊ 2600 MHZ လှိုင်းနှုန်းစဉ်လေလံအနိုင်ရရှိသဖြင့် ပေးသွင်းရမည့်အသုံးစရိတ်များ ပါဝင်ပါသည်။ ဖြည့်စွက်တောင်းခံငွေများမှာ အမှန်တကယ် အသုံးပြုရမည့်လုပ်ငန်းများ ဖြစ်၍ စိစစ်လျှော့ချမှုမရှိသော်လည်း နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း(၂)ခု အနေဖြင့် နောင်လာမည့်ဘဏ္ဍာရေးနှစ်တွင် ယခုထက်ရင်ငွေပိုမိုရရှိရေး စီမံဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(၄) **စိစစ်ရေးပူးပေါင်းအဖွဲ့ (၁၂)**

(၁) **ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန။** ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၄၇.၁၈၁ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုကျပ် ၅.၅၉၉ ဘီလီယံ၊ ၁၁.၈၇ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေ သာမန်အသုံးစရိတ်ကျပ် ၁.၃၆၂ ဘီလီယံတွင် ဝန်ထမ်းအသစ်များ၏ လစာစရိတ်များ၊ ရှားပါးစာအုပ်များထုတ်ဝေခြင်း၊ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်များအတွက် အမှန်လိုအပ်၍ တောင်းခံခြင်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၄.၂၃၇ ဘီလီယံတွင် လျှင်ဒဏ်သင့်အဆောက်အဦများပြင်ဆင်ခြင်း၊ ရှေးဟောင်းနေရာများ တူးဖော်ခြင်း၊ အဖိုးတန် ရှားပါးပစ္စည်းများပြသရန် ပြင်ဆင်ခြင်းလုပ်ငန်းများအား သတ်မှတ်စံနှုန်းများ အတိုင်းတောင်းခံထားသဖြင့် စိစစ်လျှော့ချရန်မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) **စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန။** စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၇၂၁.၉၃၄ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုမှာ သာမန်အသုံးစရိတ်တောင်းခံခြင်းမရှိပဲ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံမှုကျပ် ၂၀.၄၇၅ ဘီလီယံ၊ ၂.၈၄ ရာခိုင်နှုန်းဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်တောင်းခံမှုတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ကျပ် ၁.၆၃၁ ဘီလီယံ၊ စီးပွားရေးအဖွဲ့အစည်းဖြစ်သည့် အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ကျပ် ၁၈.၈၄၄ ဘီလီယံဖြစ်ပြီး လျှင်ဒဏ်သင့်အဆောက်အဦများ ပြုပြင်ရန်လုပ်ငန်းများပါဝင်သဖြင့် စိစစ်လျှော့ချရန်မရှိကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၃) ဝန်ကြီးဌာန၏ရငွေစာရင်းမှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၂၅၉.၅၄၇ ဘီလီယံ၊ ပြုပြင်ပြီးခန့်မှန်းခြေ စာရင်း(RE)တွင် ကျပ် ၂၄၀.၉၃၄ ဘီလီယံဖြစ်၍ ရငွေမှာကျပ် ၁၈.၆၁၄ ဘီလီယံလျော့နည်းရရှိခဲ့ပါသည်။ ဝန်ကြီးဌာနတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း(၄)ခုရှိပြီး အမှတ်(၂)သံမဏိစက်ရုံ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အကြီးစားစက်မှုလုပ်ငန်းများတွင် ငလျင်ဒဏ်သင့်အဆောက်အဦနှင့် စက်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ကြောင်းတွေ့ရှိရသဖြင့် လုပ်ငန်းများအချိန်မီပြီးစီးရေးဆောင်ရွက်ရန်နှင့် ပြီးစီးပါကကုန်ထုတ်လုပ်ငန်းများ လျာထားချက်ပြည့်မီအောင်ထုတ်လုပ်ပြီး ဝင်ငွေပိုမိုရရှိရေးဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြုပါသည်။

(ခ) **စီစစ်ရေးပူးပေါင်းအဖွဲ့ (၁၃)**

(၁) **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် (နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအပါအဝင်) သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်မှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၁၅,၈၅၈.၃၅၉ ဘီလီယံ၊ ဖြည့်စွက်တောင်းခံမှုကျပ် ၁,၂၅၆.၁၇၆ ဘီလီယံ၊ ၇.၉၂ ရာခိုင်နှုန်းဖြစ်ပါသည်။ ဖြည့်စွက်တောင်းခံငွေများမှ လျှပ်စစ်မီးလိုင်းပြုပြင်ခြင်း၊ ပရီမီယံဒီဇယ်ဆီဝယ်ယူခြင်း၊ e-Meter Application Software အဆင့်မြှင့်တင်ခြင်းနှင့် 500 KV ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်းတာဝါတိုင် (၄) တိုင် ပြန်လည်ပြုပြင်ခြင်းတို့သည် **ယခုနှစ်အတွင်းဆောင်ရွက်နိုင်ခြေမရှိနိုင်ခြင်းကြောင့်** သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁.၁၉၇ ဘီလီယံအား စီစစ်လျှော့ချခြင်းဖြစ်ကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၂) စီစစ်လျှော့ချပြီးကျန်ဖြည့်စွက်တောင်းခံငွေကျပ် ၁,၂၅၆.၁၇၆ ဘီလီယံတွင် အခွန်အခအဖြစ် နိုင်ငံတော်သို့ပေးသွင်းငွေ ၆၆.၀၆ ရာခိုင်နှုန်းပါဝင်နေခြင်း၊ ကျန် ၃၃.၉၄ ရာခိုင်နှုန်းမှာ ဓာတ်အားဝယ်ယူရေး၊ ထုတ်လုပ်ရေး၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ရေး၊ ရေနံမြေသစ်ဖော်ထုတ်ရေး၊ ကမ်းလွန်လုပ်ကွက်တွင်ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ ထုတ်လုပ်မှုတိုးမြှင့်လာစေရေးအတွက် စရိတ်များပါဝင်သဖြင့် ထပ်မံစီစစ်လျှော့ချရန်မရှိကြောင်းနှင့် ဖြည့်စွက်တောင်းခံငွေအားခွင့်ပြုသင့်ပါကြောင်း သဘောထားမှတ်ချက်ပြုပါသည်။

(၃) ဝန်ကြီးဌာနတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများရှိပြီး ရငွေပိုင်းမှာ မူလခန့်မှန်းခြေ(BE)တွင် ကျပ် ၁၆,၂၃၃.၂၄၆ ဘီလီယံ၊ ပြုပြင်ပြီး

